
31 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ




- အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားမှု
- တိုင်းရင်းသား လက်နက်ကိုင်များ အချင်းချင်း ဖြစ်ပွားမှု
- အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အကြား ဖြစ်ပွားမှု


### တိုက်ပွဲဖြစ်ပွားခဲ့သော နေရာများ

**၂၀၂၁ ခုနှစ် ဇူလိုင် ၁ မှ အောက်တိုဘာ ၂၆ ရက်အတွင်း** မြန်မာနိုင်ငံအနှံ့ဖြစ်ပွားခဲ့သော တိုက်ပွဲများ၏ တည်နေရာပြမြေပုံ ဖြစ်ပါသည်။ တိုက်ပွဲအမျိုးအစားအားဖြင့် သုံးမျိုးခွဲခြားထားပြီး အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားသောတိုက်ပွဲများ၊ တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်း ဖြစ်ပွားသောတိုက်ပွဲများ၊ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား ဖြစ်ပွားသော တိုက်ပွဲများဟူ၍ဖြစ်သည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ မြို့နယ်တခုတွင် အနည်းဆုံး တိုက်ပွဲတကြိမ်စီဖြစ်ခဲ့ပြီး တကြိမ်မကဖြစ်ခဲ့သော မြို့နယ်များလည်း ပါရှိပါသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၅ ရက်က ဖော်ပြခဲ့သော အချက်အလက်များနှင့် နှိုင်းယှဉ်ပါက **(အလေးထားရမည့်အကြောင်းအချက်များ အမှတ်-၅၂ ကို ရှုပါ)** အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား ဖြစ်နေသည့် တိုက်ပွဲများ ပိုများလာသည်ကို တွေ့နိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများနှင့် အရပ်သားသေဆုံးမှုများ




၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း **အောက်တိုဘာ ၂၆ ရက်အထိ** မြန်မာနိုင်ငံအနှံ့ဖြစ်ခဲ့သော တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများနှင့် အရပ်သားသေဆုံးမှုများ ဖြစ်ပါသည်။ ကိုးလတာကာလအတွင်း တိုက်ပွဲနှင့် အပြန်အလှန်ပစ်ခတ်မှု **၁,၃၅၂ ကြိမ်ထက်မနည်း** ရှိခဲ့ပြီး အရပ်သားသေဆုံးမှု **၂၄၂ ဦးထက်မနည်း** ရှိခဲ့ပါသည်။ တိုက်ပွဲနှင့် အပြန်အလှန်ပစ်ခတ်မှုများသည် စက်တင်ဘာတွင် အများဆုံးဖြစ်ခဲ့ပြီး **၃၄၄ ကြိမ်ထက်မနည်း** ရှိခဲ့သည်။ အရပ်သားများသေဆုံးမှုသည် ဇွန်တွင် အများဆုံးဖြစ်ခဲ့သည်။ ယခုအချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုများနိုင်ပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

31 October, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)

တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီအကြားဖြစ်ပွားသော ပစ်ခတ်တိုက်ခိုက်မှုများနှင့် အရပ်သားသေဆုံးမှုများ




၂၀၂၁ ခုနှစ် ဧပြီမှစ၍ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသအချို့ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကြားတွင်လည်း အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး **ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ** စုစုပေါင်း **အကြိမ် ၁၈၀ ထက်မနည်း** ဖြစ်ခဲ့သည်။ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) က စက်တင်ဘာ ၇ ရက်တွင် ခုခံတွန်းလှန်စစ် ကြေညာပြီးနောက်ပိုင်း တိုက်ပွဲဖြစ်ပွားမှု ပိုမိုမြင့်တက်ခဲ့သည်။ စက်တင်ဘာနှင့် အောက်တိုဘာ လများအတွင်း အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှု **၇၉ ကြိမ်ထက်မနည်း**ဖြစ်ခဲ့သည်။ ထိုတိုက်ပွဲများကြောင့် အရပ်သားပြည်သူ **၅၃ ဦးထက်မနည်း** သေဆုံးခဲ့သည်။ **အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားသေဆုံးရမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူစာရင်းကိုသာ ကောက်ယူထားခြင်းဖြစ်ပြီး နှစ်ဖက်တပ်ဖွဲ့များ၏ ကျဆုံး၊ ထိခိုက်ဒဏ်ရာရစာရင်းကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။** ယခုအချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုများနိုင်ပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

31 October, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)

### တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

**စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများအတွင်း ဖြစ်ပွားသောတိုက်ပွဲများ**





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း အောက်တိုဘာ ၂၆ ရက် အထိ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း အစရှိသော တိုင်းရင်းသားဒေသများတွင် တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း **၁,၀၃၂ ကြိမ်ထက်မနည်း** ရှိခဲ့သည်။ မေလအတွင်း တိုက်ပွဲဖြစ်ပွားမှု အများဆုံးဖြစ်ခဲ့ပြီး **၂၁၈ ကြိမ်ထက်မနည်း** ရှိခဲ့သည်။ တိုက်ပွဲအများစုမှာ ကရင်အမျိုးသား အစည်းအရုံး (KNU) နယ်မြေများအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာလအတွင်း ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၌ စစ်ကောင်စီနှင့် ကရင်ပူးပေါင်းတပ်ဖွဲ့ (KNLA နှင့် DKBA) တို့အကြား တိုက်ပွဲများပြင်းထန်ခဲ့ကြောင်း သိရသည်။ ယခုအချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုများနိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### တိုက်ပွဲများနှင့် အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုများကြောင့် သေဆုံးခဲ့ရသော အရပ်သားပြည်သူများ




**၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်မှ အောက်တိုဘာ ၂၆ ရက်အတွင်း** ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် အကြမ်းဖက်ဖြိုခွင်းမှုများကြောင့် သေဆုံးခဲ့ရသည့် အရပ်သားပြည်သူအရေအတွက်မှာ **၁,၄၆၀ ဦးထက်မနည်း** ရှိခဲ့သည်။ ISP-Myanmar က လက်လှမ်းမီသမျှ စုစည်းခဲ့သော အချက်အလက်များအရ တိုက်ပွဲများနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ရသည့် အရပ်သားပြည်သူ **၂၄၂ ဦးထက်မနည်း**ရှိသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ **အောက်တိုဘာ ၂၆ ရက်** စာရင်းအရ စစ်ကောင်စီ၏ အကြမ်းဖက်ဖြိုခွဲမှုနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးရသူအရေအတွက်မှာလည်း **၁,၂၁၈ ဦးထက်မနည်း** ရှိခဲ့သည်။ ယခုအချက်အလက်များသည် AAPP နှင့် ISP-Myanmar က လက်လှမ်းမီသမျှ စုစည်းထားသည့် အချက်အလက်များကိုသာ ဖော်ပြထားခြင်းဖြစ်ပြီး မြေပြင်အခြေအနေတွင် ပိုများနိုင်သည်။ ထို့အပြင် ယခုစာရင်းတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် စစ်ကောင်စီက ထုတ်ပြန်ထားသော ကိန်းဂဏန်းများကို ထည့်သွင်းထားခြင်းမရှိဘဲ ၎င်းတို့၏ဖော်ပြချက်များကို **စာမျက်နှာ ၆ နှင့် ၇** တွင် သီးခြား ဖော်ပြထားပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။


ISP-MYANMAR
www.ISPMyanmar.com


WHAT MATTERS


31 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်သော အချက်အလက်များ







ယခုဖော်ပြပါ အချက်အလက်များသည် ၂၀၂၁ ခုနှစ် ဇွန်မှ စက်တင်ဘာ ၃၀ ရက်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်များအပေါ် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကိန်းဂဏန်းအချက်အလက် ထုတ်ပြန်ချက်များကို စုစည်းဖော်ပြထားခြင်း ဖြစ်သည်။ အဆိုပါ အချက်အလက်များအရ ဇွန်မှ စက်တင်ဘာ ၃၀ ရက်အတွင်း တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်ပေါင်း **၁,၈၆၂ ကြိမ်** ဖြစ်ပွားခဲ့သည်ဟုဆိုပါသည်။ တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်များဟုဆိုရာတွင် လက်နက်ကိုင်တိုက်ပွဲများ၊ အရပ်သားများအပေါ် အကြမ်းဖက်မှုများ၊ ပေါက်ကွဲမှုများ၊ လုပ်ကြံခံရမှုများ စသဖြင့်ပါဝင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၁ ဇွန်မှ စက်တင်ဘာ ၃၀ ရက်အထိ အဆိုပါ ဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသည့် အရပ်သားပြည်သူ စုစုပေါင်း **၅၉၅ ဦး**၊ ထိခိုက်ဒဏ်ရာရရှိသူ **၂၉၃ ဦး** ရှိခဲ့ကြောင်း၊ စစ်ကောင်စီဘက်မှ သေဆုံးရသူအရေအတွက်မှာလည်း **၂,၄၇၈ ဦး** အထိရှိကြောင်း သိရပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။ ဖော်ပြပါ အချက်အလက်များအတွက် လွတ်လပ်သောအဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက် မရှိပါ။

31 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်ကောင်စီက ထုတ်ပြန်သော အချက်အလက်များ





စစ်ကောင်စီ၏ အောက်တိုဘာ ၂၃ ရက် ထုတ်ပြန်ချက်အရ **(အောက်တိုဘာ ၂၁ ရက်အထိ) သေဆုံးသူစုစုပေါင်း ၁,၃၃၇ ဦး** ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ၁,၃၃၇ ဦးထဲတွင် **အရပ်သား ၁,၁၅၅ ဦး၊ တပ်မတော်သား ၇၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၉၃ ဦးနှင့် အစိုးရဝန်ထမ်း ၁၄ ဦး** ပါဝင်ကြောင်း ၎င်းတို့က ထုတ်ပြန်ထားပါသည်။ ထိုကိန်းဂဏန်းများအနက် (စက်တင်ဘာ ၉ ရက်တွင် စစ်ကောင်စီကပြုလုပ်ခဲ့သော မြန်မာနိုင်ငံအခြေစိုက် သံတမန်များအား ရှင်းလင်းပွဲ၌ ပြောကြားခဲ့သည့် အချက်အလက်များနှင့် သတင်းမီဒီယာများအား ပြောခဲ့သော အချက်အလက်များအရ) **စက်တင် ဘာ ၂၇ ရက်အထိ မှတ်တမ်းတင်ထားသော ၉၇၀ ဦး၏** သေဆုံးမှုအမျိုးအစားများမှာ အထက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များသည် စစ်ကောင်စီ၏ ထုတ်ပြန်ချက်များကို စုစည်းဖော်ပြထားခြင်းသာဖြစ်ပြီး လွတ်လပ်သောအဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက် မရှိပါ။

# WHAT MATTERS

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ




### ■ ငါးလတာကာလအတွင်း နေအိမ်များ မီးရှို့ဖျက်ဆီးခံခဲ့ရသည့် ဒေသများ

**၂၀၂၁ ခုနှစ် ဇွန်မှ အောက်တိုဘာ ၂၉ အထိ** ဖြစ်ပွားခဲ့သော တိုက်ပွဲနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားပြည်သူများ၏ နေအိမ်များ မီးရှို့ဖျက်ဆီးခံခဲ့ရသည့်ဖြစ်စဉ်များ ရှိခဲ့သည်။ ၎င်းတို့အနက် လက်လှမ်းမီသမျှ မြို့နယ်နှင့် ကျေးရွာများ၏ တည်နေရာကို ယခုမြေပုံတွင် ဖော်ပြထားပါသည်။ မီးရှို့မှုကို စစ်ကောင်စီဘက်က လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုဖော်ပြကြပြီး၊ အိမ်ခြေ ၂၄၀ ကျော် အနက် ၂၀၀ ခန့် မီးလောင်ကျွမ်းခဲ့သော ကင်းမရွာဖြစ်စဉ်နှင့် အောက်တိုဘာ ၂၉ ရက် ထန်တလန်ဖြစ်စဉ်တို့ကိုမူ စစ်ကောင်စီက ငြင်းဆန်ထားပါသည်။ ငါးလတာကာလအတွင်း အရပ်သားပြည်သူများ၏ **နေအိမ် ၈၃၃ လုံးထက်မနည်း** မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ အများစုမှာ ချင်းပြည်နယ်နှင့် မကွေးတိုင်းမှဖြစ်ပြီး ချင်းပြည်နယ်တွင် **၄၂၇ လုံးထက်မနည်း**နှင့် မကွေးတိုင်းတွင် **၃၂၈ လုံးထက်မနည်း** မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၅ ရက်က ဖော်ပြခဲ့သော အချက်အလက်များနှင့် နှိုင်းယှဉ်ပါက (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၂ ကိုရှုပါ**) မီးရှို့ခံရသော အိမ်ခြေ **၃၄၀ ထက်မနည်း** တိုးလာခဲ့ခြင်းဖြစ်သည်။ ယခုဖော်ပြပါ အချက်အလက်များ အနက် ချင်းပြည်နယ်အတွင်း မီးရှို့ဖျက်ဆီးခံခဲ့ရသည့် အရေအတွက်ကို ချင်းပြည်နယ် လွှတ်တော်ကိုယ်စားပြုကော်မတီ၏ အောက်တိုဘာ ၃၀ ရက်ကြေညာချက်မှ ရယူဖော်ပြထားခြင်းဖြစ်ပြီး ကျန်ရှိသော အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သောအဖွဲ့အစည်းများ၏ ဖော်ပြချက်ကို ကိုးကားထားခြင်း ဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုဖော်ပြထားသည်များထက် ပိုမိုများပြားနိုင်ပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများ၊ လွတ်လပ်သော အဖွဲ့အစည်းများနှင့် ချင်းပြည်နယ် လွှတ်တော် ကိုယ်စားပြုကော်မတီ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

31 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ချင်းပြည်နယ်၌ နေအိမ်များ မီးရှို့ဖျက်ဆီးခံရမှု




| ရက်စွဲ | တည်နေရာ | မီးရှို့ဖျက်ဆီးခံရမှု |
|---|---|---|
| အောက်တိုဘာ ၂၉ | ထန်ထလန်မြို့ | နေအိမ် ၁၆၄ လုံးကျော် မီးရှို့ခံရ |
| အောက်တိုဘာ ၁၉-၂၃ | မင်းတပ်-မတူပီလမ်းတလျှောက် မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာများ | နေအိမ် ၁၀၇ လုံးဖျက်ဆီးခံရ |
| အောက်တိုဘာတတိယပတ် | ဖလမ်းမြို့နယ် ရမ်ထလိုနှင့် တလန်ဇာရ်ကျေးရွာ | နေအိမ် ၁၀၀ လုံး ဖျက်ဆီးခံရ |
| အောက်တိုဘာ ၁၄နှင့် အောက်တိုဘာ ၂၄ | ဖလမ်းမြို့နယ်၊ ထလန်ရောန် ကျေးရွာ | နေအိမ် ၁၂ လုံး မီးရှို့ခံရ |
| အောက်တိုဘာ ၁၄ | ဖလမ်းမြို့နယ်၊ တာလ်ကျေးရွာ | နေအိမ် ၁၂ လုံး မီးရှို့ခံရ |
| အောက်တိုဘာ ၁၃ | ဖလမ်းမြို့နယ်၊ ရဲလ်သီးကျေးရွာ | ဘုရားကျောင်းတကျောင်းနှင့် အိမ် ၁၂ လုံး မီးရှို့ခံရ |


ချင်းပြည်နယ်အတွင်းတွင် လူနေအိမ်ခြေ ၄၂၀ ကျော်နှင့် ဘုရားကျောင်း ငါးကျောင်းထက်မနည်း မီးရှို့ ဖျက်ဆီးခံခဲ့ရခြင်း ရှိခဲ့ပြီး၊ အများစုသည် အောက်တိုဘာလအတွင်း မီးရှို့ဖျက်ဆီးခံခဲ့ရခြင်း ဖြစ်သည်။ ချင်းပြည်နယ်လွှတ်တော်ကိုယ်စားပြုကော်မတီ၏ အောက်တိုဘာ ၃၀ ရက် ကြေညာချက်၌ အောက်တိုဘာလအတွင်း ချင်းပြည်နယ် ထန်တလန်မြို့ ဖလမ်းမြို့နယ်နှင့် မင်းတပ်မြို့နယ်ရှိ ကျေးရွာများမှ ဘုရားကျောင်းတကျောင်းနှင့် အိမ်ခြေ ၄၀၇ လုံးထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း ထည့်သွင်းဖော်ပြထားသည်(အထက်ဖော်ပြပါ ဇယားကိုရှုပါ)။ ယင်းတို့အနက် အများစုမှာ ထန်တလန်မြို့မှ နေအိမ်များဖြစ်ပြီး အောက်တိုဘာ ၂၉ ရက် တရက်တည်းမှာပင် အိမ်ခြေ ၁၆၄ လုံးကျော် မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း ၎င်းတို့၏ စာရင်းအရ သိရှိရပါ သည်။

ရည်ညွှန်း - ယခုအချက်အလက်များကို ချင်းပြည်နယ် လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ကြေညာချက်မှ ရယူထားခြင်းဖြစ်ပြီး၊ ထိုအချက်အလက်များနှင့် ပတ်သက်၍ လွတ်လပ်သော အဖွဲ့အစည်းများ၏ အတည်ပြုချက်မရှိပါ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### နေရပ်စွန့်ခွာ ဒုက္ခသည်များ




စစ်အာဏာသိမ်းပြီးနောက် တိုးလာသော စစ်ပြေးဒုက္ခသည် အရေအတွက်

**၃၀၈,၆၅၇+**

အာဏာသိမ်းစစ်ကောင်စီ၏ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရသည့် ပြည်တွင်း စစ်ပြေးဒုက္ခသည်များဖြစ်ပြီး ကယားပြည်နယ်တခုတည်း၌ ၁၁၀,၀၀၀ ကျော် ရှိနေသည်။

ယခင်ရှိထားသော စစ်ပြေးဒုက္ခသည် အရေအတွက်

**၄၉၇,၅၀၀+**

ဘင်္ဂလားဒေ့ရှ်နှင့်ထိုင်းနယ်စပ်ရှိ ပြည်ပဒုက္ခသည် အရေအတွက်

**၉၇၂,၀၀၀+**

မြန်မာ-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာလာရသူ စစ်ပြေးဒုက္ခသည်ပေါင်း ၉၂,၀၀၀ ကျော် ရှိနေပြီး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်၊ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင်လည်း ရိုဟင်ဂျာဒုက္ခသည် ၈၈၀,၀၀၀ ကျော် ရှိနေသည်။

လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူ စစ်ပြေးဒုက္ခသည် အရေအတွက်သည် **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်အထိ** စုစုပေါင်း **၈၀၆,၁၅၇ ကျော်** ရှိလာသည်။ အဆိုပါ ပမာဏအနက် **၃၀၈,၆၅၇ ကျော်**မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့်အရေအတွက်ဖြစ်သည်။ ယခင်လကဖော်ပြခဲ့သော အချက်အလက်များအရ စစ်ပြေးဒုက္ခသည် အရေအတွက် ၃၀၀,၅၅၆ ကျော် (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၂ ကိုရှု**) ရှိခဲ့ရာမှ ယခု ၃၀၈,၆၅၇ ကျော်အထိ ရှိလာသဖြင့် တလအတွင်း **၈,၁၀၁ ဦးကျော်** တိုးလာခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာအတွင်း ချင်းပြည်နယ်မှ ဒေသခံပြည်သူ ၄,၀၀၀ ကျော်၊ စစ်ကိုင်းတိုင်းမှ ၂,၀၀၀ ကျော်၊ ရှမ်းပြည်နယ်မှ ၁,၅၀၀ ကျော်၊ တနင်္သာရီတိုင်းမှ ၅၀၀ ကျော် ထပ်မံ၍ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

31 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဒေသအလိုက်တိုးလာသည့် စစ်ပြေးဒုက္ခသည်အရေအတွက်





စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တို့အကြား တိုက်ပွဲများ ပြင်းထန်လာသည့်အပြင် ဒေသအသီးသီးမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်း စစ်ကောင်စီတို့ အကြား အပြန်အလှန်ပစ်ခတ်မှုများလည်း ရှိလာပါသည်။ အဆိုပါ အခြေအနေများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးရသူ ဒုက္ခသည်များတိုးလာပြီး ကိုးလတာကာလအတွင်း စုစုပေါင်း **၃၀၈,၆၅၇ ဦးကျော်**အထိ ရှိခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခသည်အများဆုံးရှိလာသည့်ဒေသမှာ ကယားပြည်နယ်ဖြစ်ပြီး စုစုပေါင်း ၁၁၀,၂၀၀ ကျော် ရှိနေသည်။ ထို့အတူ ယခင်က စစ်ပြေးဒုက္ခသည်မရှိခဲ့သော စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင်လည်း စစ်ပြေးဒုက္ခသည်များ ရှိလာသည်။ ချင်းပြည်နယ်တွင်လည်း စစ်ပြေးဒုက္ခသည်အရေအတွက် ဆက်တိုးနေပြီး အောက်တိုဘာအတွင်း ဟားခါး-ဖလမ်း လမ်းတလျှောက် စစ်ကောင်စီစစ်ကြောင်းများ ဖြတ်သန်းသွားလာမှုများအတွင်း နေအိမ်များ မီးရှို့ဖျက်ဆီးခံရမှုကြောင့် အနီးအနားရှိ ကျေးရွာများမှ ဒေသခံပြည်သူ **၄,၀၀၀ ကျော်** ထပ်မံ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ




### လေးလအတွင်းတိုးလာသည့် စစ်ပြေးဒုက္ခသည်များ

**၂၀၂၁ ခုနှစ် ဇူလိုင်မှ အောက်တိုဘာ ၂၆ ရက်** လေးလတာကာလအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ၊ အပြန်အလှန် ပစ်ခတ်မှုများကြောင့် တိုးလာသည့် စစ်ပြေးဒုက္ခသည်များ၏ အရေအတွက်အခြေပြု တည်နေရာပြမြေပုံ ဖြစ်ပါသည်။ စစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်တို့အကြား ဖြစ်ပွားသော တိုက်ပွဲများ၊ တိုင်းရင်းသား လက်နက်ကိုင် အချင်းချင်းဖြစ်ပွားသော တိုက်ပွဲများ၊ အာဏာသိမ်း စစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ တို့အကြား ဖြစ်ပွားသော တိုက်ပွဲများကြောင့် ထပ်မံ၍ နေရပ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်ခဲ့ရခြင်းဖြစ်သည်။ ယခုဖော်ပြထားသော တည်နေရာများသည် ဒုက္ခသည်များ နေရပ်စွန့်ခွာခဲ့ရသည့် မြို့နယ် တည်နေရာများကို ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ကိုးကားထားခြင်းဖြစ်ပြီး လက်တွေ့မြေပြင်အနေအထားတွင် ယခုထက် ပိုမိုများပြားနိုင်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၆)
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်ပြေးဒုက္ခသည်များ အခြေအနေ (၂၀၂၁ ခုနှစ် အောက်တိုဘာ)

**ချင်းပြည်နယ်**

အောက်တိုဘာအတွင်း ချင်းပြည်နယ်တွင် စစ်ကောင်စီ၏ စစ်ယာဉ်တန်းများ၊ စစ်ကြောင်းများ ဖြတ်သန်းသွားလာမှုရှိခဲ့သည်။ ထို့အတူ နေအိမ်များ မီးရှို့ဖျက်ဆီးခံရခြင်းများလည်း ပေါ်ပေါက်ခဲ့သည်။ ထို့အပြင် စစ်ကြောင်းများ ဖြတ်သန်းရာ လမ်းတလျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ နေရပ်စွန့်ခွာခြင်းများ ရှိခဲ့သည်။ ဥပမာအားဖြင့် စစ်ကြောင်းဖြတ်သန်းရာ ဟားခါး-ဖလမ်း လမ်းတလျှောက်ရှိ ကျေးရွာ ခုနစ်ရွာထက်မနည်းမှ ဒေသခံ ပြည်သူ **၄,၀၀၀ ကျော်** ထွက်ပြေးတိမ်းရှောင်ခြင်းများ ရှိခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ချင်းပြည်နယ်တွင် စစ်ပြေးဒုက္ခသည် **၄၃,၀၀၀ ကျော်ထက်မနည်း** ရှိလာခဲ့ပြီဖြစ်သည်။

**စစ်ကိုင်းတိုင်း**

အောက်တိုဘာအတွင်း စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်အတွင်းရှိ ဝမ်းပြင်၊ လယ်သမ၊ ခင်အေးနှင့် နတ်ထိပ်တောင် (ရေနံမှော်) ရွာများအနီးတဝိုက်တွင် စစ်ကောင်စီတပ်များ တပ်စွဲထားခဲ့ပြီး၊ နေအိမ်များ မီးရှို့ဖျက်ဆီးခံရမှုများ ရှိခဲ့ခြင်းကြောင့် ဒေသခံပြည်သူ **၂,၀၀၀ ကျော်** ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကိုင်းတိုင်းတွင် စစ်ပြေးဒုက္ခသည် **၃၁,၀၀၀ ကျော်ထက်မနည်း** ရှိလာခဲ့ပြီဖြစ်သည်။

**ရှမ်းပြည်နယ်**

အောက်တိုဘာ ပထမပတ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချင်းချင်းအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။ RCSS/SSA နှင့် SSPP/SSA တို့အကြား ဖြစ်ပွားသော တိုက်ပွဲများကြောင့် မိုင်းကိုင်မြို့မှ ဒေသခံ **၁,၁၀၀ ကျော်**ခန့်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ထို့အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မုံးကိုးမြို့နယ်အတွင်း MNDAA အဖွဲ့နှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲဖြစ်ပွားမှု ပြင်းထန်ခဲ့ပြီး၊ တိုက်ပွဲများကြောင့် ဒေသခံ **၄၀၀ ကျော်**ခန့်မှာ တရုတ်-မြန်မာနယ်စပ် အနီးသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ရှမ်းပြည်နယ်တွင် စစ်ပြေးဒုက္ခသည် **၂၃,၀၀၀ ကျော်ထက်မနည်း** ရှိလာခဲ့ပြီဖြစ်သည်။

**တနင်္သာရီတိုင်း**

အောက်တိုဘာ ၂၂ နှင့် ၂၃ ရက်များတွင် တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ မိချောင်းသိုက်နှင့် ချောင်းလှကျေးရွာအကြား စစ်ကောင်စီတပ်များနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲများကြောင့် အနီးအနားရှိ ဒေသခံပြည်သူ **၅၀၀ ကျော်**မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း တနင်္သာရီတိုင်းတွင် စစ်ပြေးဒုက္ခသည် **၁,၀၀၀ ကျော်ထက်မနည်း** ရှိလာခဲ့ပြီဖြစ်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။